## Highlights from DVB Debate’s Elections and Communal Violence

## “How to end Communal Violence before the Elections?”

## October 3, 2015

“ဆွမ်ပရာဘွန်တို့ ဖားကန့်တို့ဘက်မှာ စစ်အင်အားတိုးချဲ့လာကြတာတွေ ရှိလာနေတယ်၊ မြစ်ကြီးနားမြို့ပေါ်မှာလည်း ဒုက္ခသည်စခန်းတွေအများကြီး.စခန်းကလူတွေ မဲစာရင်းထဲပါနေသော်ငြား မဲပေးနိုင်မှုအနေအထားက မလွယ်ဘူး။ မြစ်ကြီးနားခရိုင်မှာ တခုခုဖြစ်ရင်ကို တခြားဒေသတွေပါ ရိုက်ခတ်မှုတွေကရှိတယ်လေ ရွေးကောက်ပွဲမထိခိုက်အောင် ကျနော်တို့ပါတီတွေအနေနဲ့ ကြီးတဲ့အမှုငယ်အောင် ငယ်တဲ့အမှု ပပျောက်အောင် ပိုင်းဖြေရှင်းနေရတယ်”

ဦးဂျော်ဆန်းနော - ကချင်ဒီမိုကရက်တစ်ပါတီ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း

---

“ရွေးကောက်ပွဲမတိုင်ခင် အကြမ်းဖက်နှောင့်ယှက်မှုတွေ ကာကွယ်နိုင်ဖို့က ရွေးကောက်ပွဲမှာ ဒိုင်လူကြီးဘက်မလိုက်ဖို့ လိုတယ်၊ ပြည်သူ့ဘက်ပါတဲ့ ပြည်သူ့ရဲတွေ တရားရုံးတွေ မရှိသေးဘူး၊ ဒါတွေလိုတယ်”

ဦးခုပ်ခန့်မုန်- ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင်၊ ဇိုမီးဒီမိုကရေစီအဖွဲ့ချုပ်

---

“ရွေးကောက်ပွဲမတိုင်မီဖြစ်တဲ့အမှုတွေမှာ ရဲအရေးပိုင်တဲ့အမှုရှိတယ်၊ ရဲအရေးမပိုင်တဲ့အမှုရှိတယ်..ထိခိုက်စေအောင်လုပ်တယ်ဆိုရင် မျက်မြင်သက်သေလိုမယ် ရဲကလည်း အနီးအနားမှာရှိနေရမယ် ဒါဆိုရင် ရဲအရေးပိုင်တယ် အမှုဖွင့်လို့ရတယ်။ နောက် လုံထိန်းတွေရှိတယ်.မဲရုံသွားမယ့်ကိုယ်စားလှယ်လောင်းတွေနဲ့လိုက်ပါပြီး လုံခြုံရေးပေးရမယ့် တာဝန်ရှိတယ်။ နောက်ပါတီဆိုင်းဘုတ်တွေဖျက်ဆီးတယ်၊ တစုံတခုလုပ်တယ်ဆိုရင်အကျိုးပျက်စီးမှုနဲ့ ထောင်ဒဏ် ၂ နှစ်အထိ ချလို့ရတယ်။ မျက်မြင်သက်သေအထောက်အထားတွေနဲ့ ချက်ချင်းအမှုဖွင့်. အရေးယူလို့ရတယ်”

ဦးတင်မောင် - အငြိမ်းစားရဲအရာရှိ

---

"ပါလီမန်ခေတ်ကတည်းကစပြီး မြန်မာနိုင်ငံရဲ့ရွေးကောက်ပွဲသမိုင်းမှာ ပြည်သူလူထုက ရွေးကောက်ပွဲကြီးပျက်သွားလောက်အောင် လုပ်ခဲ့တယ်ဆိုတာမျိုး မရှိပါဘူး ပြည်သူတွေ မအေပါဘူး။"

ဦးမင်းသူ - အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လက်ရှိပြည်သူ့လွှတ်တော်အမတ်)

---

"ဘာသာရေး၊လူမျိုးရေး ပဋိပက္ခတွေကြီးမားသွားရင်၊ လက်နက်ကိုင်ပဋိပက္ခတွေ ထိပ်တိုက်တွေ့မှုတွေပိုကြီးထွားလာရင် တိုင်းပြည်အတွက်မကောင်းဘူး. ဒီတော့ ရွေးကောက်ပွဲကာလတွေမှာ လက်နက်ကိုင်အဖွဲ့တွေကလည်း နယ်မြေစိုးမိုးရေးတွေ မလုပ်ဖို့လိုတယ်၊ ဘာသာရေးအသီးသီးကလည်း ဘာသာရေးပွဲသပ်သပ်ကလွဲပြီး ကျန်တဲ့ လူထုလူတန်းစားတွေနဲ့ပတ်သက်တဲ့ ကိစ္စတွေ လုပ်တာကို ရှောင်ထားစေချင်တယ်"

ဦးမောင်မောင်ဂင်း - တရားလွှတ်တော်ရှေ့နေ

---